The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily



# မြေတစ်ကွက်“မွေးစား”၍ “တောင်သူလက်သစ်”ပြန်လုပ်ခြင်း

စက်တင်ဘာလ ၂၂ ရက်သည် သတ္တမမြောက် တရုတ်တောင်သူလယ်သမားများ သီးထွက်ကောင်းခြင်းပွဲတော် ဖြစ်သည်။ အဆိုပါကောက်ပဲသီးနှံများအထွက်တိုးသည့် ပွဲတော်အခါသမယတွင် တရုတ်နိုင်ငံ ကျေးလက်ဒေသတစ်ခွင်၌ သီးထွက်ကောင်းခြင်းကြောင့် ပျော်ရွှင်မှုအငွေ့အသက်များ ထုံမွှမ်းလျက်ရှိပေသည်။ယခုနောက်ပိုင်းနှစ်များတွင် မျှဝေစိုက်ခင်းစနစ် အစရှိသည့် လုပ်ငန်းပုံစံများ ထွန်းကားလာသည်နှင့်အမျှ စိုက်ပျိုးမြေ“မွေးစား”ခြင်းသည် တောင်သူလယ်သမားများ၏ အိတ်ကပ်ကို ဖောင်းလာစေသကဲ့သို့ တစ်ချိန်တည်းတွင်လည်း မြို့ပြနေထိုင်သူများ၏ စိုက်ပျိုးရေးအိပ်မက်ကို အကောင်အထည်ပေါ်လာစေသဖြင့် “တောင်သူလက်သစ်” အမြောက်အမြား ပေါ်ပေါက်လာပေရာ သီးထွက်ကောင်းခြင်း၏ ပျော်ရွှင်မှုကို ပို၍များစွာသော လူတွေအကြား မျှဝေခံစားလာနိုင်စေခဲ့ပေသည်။

## ကျေးလက်တွင် ကိုယ့်မြေအချို့ရှိသည်

ကျေးလက်ဒေသတွင် စိုက်ခင်းတစ်ကွက် “မွေးစား”ရယူ၍ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကာ ကျေးလက်ဘဝ၏ ပျော်ရွှင်မှုကို ခံစားလာကြသကဲ့သို့ တစ်ချိန်တည်းတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်၍ စိတ်ချလက်ချ စားနိုင်သော ဟင်းသီးဟင်းရွက်များကို တစ်မိသားစုလုံး စားနိုင်လာခဲ့ကြလေသည်။ ထိုသို့သော “မြို့ပြတောင်သူ” ဘဝမျိုးကို ယခုနောက်ပိုင်းတွင် မြို့ပြနေထိုင်သူများ သဘောကျ နှစ်သက်လာခဲ့ကြသည်။

သီတင်းပတ်ကုန်ဆိုလျှင် စီချွမ်းပြည်နယ် ချန်တူးမြို့၌ နေထိုင်သည့် မစ္စတာလီတို့ မိသားစုသုံးယောက်သည် ချန်တူးမြို့ပြင်ရှိ မျှဝေစိုက်ခင်းတစ်ခုဆီသို့ ရောက်လာကြသည်။ ထိုနေရာတွင် သူတို့ “မွေးစား”ထားသည့်မြေ၌ ခရမ်းချဉ်သီး နီနီရဲရဲများ သီး၍ အမြောက်အမြား ရှိလေပြီ ဖြစ်သည်။

၁၉၉၀ ပြည့်လွန်နှစ် မွေးဖွားသော သူတို့လင်မယားနှစ်ယောက်စလုံးသည် မနှစ်တုန်းမှစ၍ “မြို့ပြတောင်သူ” လုပ်လာကြခြင်း ဖြစ်သည်။ “ စိုက်ခင်းထဲမှာ တစ်နေ့လောက် နေလိုက်တာနဲ့ တစ်ကိုယ်လုံး ချွေးတွေထွက်ပြီး ပေါ့ပါးလန်းဆန်းလာတယ်။ နောက်ပြီး ကိုယ်ကိုယ်တိုင် စိုက်ထားတဲ့ ဟင်းသီးဟင်းရွက်တွေကိုလည်း စားရတာကြောင့် ကိုယ်စိတ်နှစ်ပါးစလုံး ကျေနပ်ပီတိဖြစ်တဲ့ ခံစားချက်မျိုး ဖြစ်ရပါတယ်”ဟု ဇနီးဖြစ်သူ မစ္စလဲ်င်းက ပြောသည်။ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်အတွက် စိုက်ခင်းသို့ လာရောက်ခြင်းမှာလည်း ကလေးကို အလည်ပို့ပေးစရာ နေရာကောင်းတစ်ခု ဖြစ်လေသည်။

တစ်နယ်တစ်ကျေးမှနေ ယူနန်ပြည်နယ် ပေါင်ရှန်းမြို့ လုန်းကျန်းကျေးရွာ၌ လာရောက်နေထိုင်သူ ဟော်တုန်းဟွေ့သည် တည်းခိုခန်းတစ်ခုကို ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။ ယခုနှစ်တွင် လုန်းကျန်းကျေးရွာစုသည် “လုန်းကျန်းတွင် ကိုယ့်မြေအချို့ ရှိသည်”ဟူသော ခေါင်းစဉ်ဖြင့် စိုက်ပျိုးမြေ “မွေးစား” ရေးပွဲတစ်ခုကို စီစဉ်ကျင်းပခဲ့ရာ ဟော်တုန်းဟွေ့မှာ လယ်မြေ ၂ မူ (တစ်မူ = ၀. ၁၆၅ ဧကခန့်)ကို ပထမဆုံး “မွေးစား”ရယူသူ ဖြစ်လာခဲ့သည်။ “ကျွန်မအနေနဲ့ လယ်မြေ ‘မွေးစား’ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ တည်းခိုခန်းမှာ လာတည်းကြတဲ့ ဧည့်သည်တွေ ကောက်စိုက်တဲ့အတွေ့အကြုံတွေ၊ ငါးဖမ်းတဲ့ အတွေ့အကြုံတွေကို ခံစားနိုင်စေဖို့ အတွက် ဖြစ်ပါတယ်။ ရွှေရောင်ဝင်းတဲ့ ဆောင်းကူးရာသီမှာလည်း သီးထွက်ကောင်းခြင်းရဲ့ ပျော်ရွှင်မှုကို လာရောက်ခံစားနိုင်ကြစေဖို့ ဖြစ်ပါတယ်”ဟု ဟော်တုန်းဟွေ့က ပြောဆိုသည်။

ယခုနောက်ပိုင်းနှစ်များတွင် “မျှဝေစိုက်ခင်း”စနစ်သည် တရုတ်နိုင်ငံ နေရာအနှံ့အပြား၌ ထွန်းကားလာခဲ့သည်။ မျှဝေစိုက်ခင်းစနစ်ကို အကြောင်းပြု၍ မြို့ပြနေထိုင်သူ အတော်များများသည် ကျေးလက်သို့ လာရောက်ပြီး စိုက်ခင်းတွေ ငှားယူကြ၊ “မွေးစား”ကြသည်။ စိုက်ခင်းများကို စီမံခန့်ခွဲဖို့ အချိန်မပေးနိုင်လျှင်လည်း ကိုယ်စားစီမံခန့်ခွဲစေနိုင်သေးလေသည်။ ရိတ်သိမ်းရာသီရောက်လျှင် စိုက်ခင်းမှ ထွက်ရှိသည့် “ပိုင်ရှင်စိတ်ကြိုက် အထူးလုပ်ပေးထားသော” စိုက်ပျိုးရေးထွက်ကုန်များကို ကိုယ်စားစီမံခန့်ခွဲပေးသူက အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလေသည်။ ဤနည်းအားဖြင့် မြေကြီးကိုလည်း နည်းလမ်းကျစွာ အသုံးချနိုင်သကဲ့သို့ အရင်းအမြစ်များ လေလွင့်ခြင်းကိုလည်း ရှောင်ရှားနိုင်သည့်အပြင် မြို့ပြနေထိုင်သူ အမြောက်အမြားကိုလည်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးက ရရှိသည့် ပျော်ရွှင်မှုကို ခံစားရစေနိုင်သည်။

## မြို့ပြတွင် ကိုယ့်“ဆွေမျိုး”များရှိသည်

မျှဝေစိုက်ခင်းစနစ် ထွန်းကားလာခြင်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် သိပ္ပံသုတေသနအဖွဲ့အစည်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ရှန်ဟိုင်းနှင့်ယူနန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အစရှိသည့်“ဆွေမျိုး” ပမာ ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုစနစ်၏ ကျေးဇူးကြောင့် ဖြစ်ပေသည်။ ၎င်းတို့က ငွေအရင်းအနှီး၊ နည်းပညာနှင့် စားသုံးမှုပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းစသည်တို့ကို ထောက်ပံ့ပေး၍ စိုက်ပျိုးရေးလုပ်ငန်းအား ပုံစံသစ် ဝန်ဆောင်မှုလုပ်ငန်းအဖြစ်သို့ အသွင်ပြောင်းစေရန် အားပေးကာ ကျေးလက်နှင့် မြို့ပြ ကူးလူးဖလှယ်ရေးကို မြှင့်တင်ပေးပြီး တောင်သူလယ်သမားများ၏ ဝင်ငွေရလမ်းကို ချဲ့ထွင်ပေးခဲ့ကြသည်။

ဝမ်ရွှေ့ခြန်းသည် ဟေးလုန်ကျန်းပြည်နယ် ကြော့တုန်းမြို့ လောင်းကြီးမြို့နယ်ရှိ တောက်သျှန်းဆန်စပါးစိုက်ပျိုးရေး သမဝါယမအသင်း၏ ဥက္ကဋ္ဌ ဖြစ်သည်။ အသက်(၅၅)နှစ်ရှိပြီဖြစ်သော သူသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို နှစ်ပေါင်း ၃၀ ကျော်ကြာ လုပ်ကိုင်လာခဲ့ပြီး ဖြစ်၍ အဆိုပါဒေသ၏ ဝါရင့် စားနပ်ရိက္ခာ စိုက်ပျိုးရေးကျွမ်းကျင်သူ ဖြစ်လာခဲ့သည်။ လယ်ထဲက မှည့်ဝင်းနေသော စပါးများကို ကြည့်ရင်း ဝမ်ရွှေ့ခြန်းက ပြုံးလျက်“ဒီစပါးတွေထဲက အများစုက အော်ဒါမှာထားပြီးသားတွေဗျ”ဟု ပြောဆိုသည်။

စပါးကောင်းထွက်ချင်လျှင် မျိုးကောင်းစိုက်ပျိုးရမည်ဖြစ်သည်။ ယခုနောက်ပိုင်း နှစ်များတွင် ဝမ်ရွှေ့ခြန်းသည် သမဝါယမအသင်းအား ဟေးလုန်ကျန်းပြည်နယ် စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်စေ၍ စပါးမျိုးကောင်းမျိုးသန့် အသစ်များကို ပြုစုပျိုးထောင်ခဲ့သည်။ ယခုနှစ်မှစ၍ ဝမ်ရွှေ့ခြန်းသည် စပါးမျိုးသစ် ၃၀ ကျော်ကို စမ်းသပ်ပျိုးထောင်ခဲ့ပြီး ဖြစ်သည်။“မျိုးကောင်းကို အသုံးပြုပြီး စားနပ်ရိက္ခာကောင်းတွေ ထွက်ရှိအောင် စိုက်ပျိုးချင်တာဟာ ကျုပ်တို့ဒတောင်သူလယ်သမားတွေရဲ့ ဆန္ဒပါပဲ”ဟု ဝမ်ရွှေ့ခြန်းက ပြောသည်။

“ဆွေမျိုး”များ၏ အကူအညီဖြင့် မျှဝေစိုက်ခင်းစနစ်ကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ပြီး သီးနှံအထွက်တိုး၍ ကြီးပွားရေးကို အကောင်အထည်ဖော်နိုင်ခဲ့သည့်အထဲတွင် ယူနန်ပြည်နယ် လင်းချန်းမြို့က ကျေးရွာများလည်း ပါဝင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှစ၍ ရှန်ဟိုင်းမြို့ ကြုန်းမင်မြို့နယ်နှင့် လင်းချန်းမြို့ လင်းရှန်ဒေသတို့ လက်တွဲလာခဲ့ပြီး နောက်ပိုင်း ရှန်ဟိုင်းနှင့် ယူနန်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ငွေအရင်းအနှီးများဖြင့် လင်းရှန်ဒေသထဲက ချွမ်းနေ့ကျေးရွာစုနှင့် မားယီတွေးကျေးရွာစုတို့အတွက် ကော်ဖီစက်ရုံများကို တည်ဆောက်ပေးနိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် ခေတ်မီနည်းပညာများနှင့် ဈေးကွက်အဆက်အသွယ်များကို ဖိတ်ခေါ်၍ လင်းချန်းကော်ဖီအား ရှန်ဟိုင်း၊ ဝူဟန့် အစရှိသည့် မြို့ကြီးများဆီသို့ တင်ပို့ရောင်းချနိုင်စေခဲ့သည်။

လင်းချန်းမြို့၏ ကော်ဖီထုတ်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ ကော်ဖီစိုက်ပျိုးသည့် တောင်သူများလည်း တစ်နေ့တခြား များပြားလာလေသည်။ “ကုမ္ပဏီတွေ ဝင်လာတော့ ကျွန်မတို့ ကျေးရွာတစ်ရွာလုံးရဲ့ ဝင်ငွေလည်း တိုးလာပါတယ်။ ကျေးရွာပြည်သူတွေအနေနဲ့ မိမိတို့ စိုက်ပျိုးရရှိတဲ့ ကော်ဖီတွေကို ကုမ္ပဏီထံမှာ ရောင်းချနိုင်သလို၊ စက်ရုံထံကို ပို့ပြီးတော့ ကုန်ချောထုတ်လုပ်လို့လည်း ရပါတယ်”ဟု မားယီတွေး ကျေးရွာ တာဝန်ခံ ဇိဟုန်မေက ပြောသည်။

